# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နယ်စပ်ရေးရာဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## နိဒါန်း

၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ၂၀၁၂ ခုနှစ်၊ ဇွန်လ(၇)ရက်နေ့တွင် တည်ထောင်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ယခုမှ စတင်ဖွဲ့စည်းတည်ထောင်သည့် အဖွဲ့အစည်းတစ်ခုမဟုတ်ဘဲ ယခင်ကတည်းက နယ်စပ်ရေးရာဝန်ကြီးဌာနအောက်တွင် စည်ပင်သာယာရေးဦးစီးဌာနအမည်ဖြင့် တည်ရှိခဲ့ပြီးဖြစ်ပါသည်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သစ်အရ စည်ပင်သာယာရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဦးတစ်ယောက်ချင်းမှသည် တစ်နိုင်ငံလုံးရှိ နိုင်ငံသားတိုင်း၏ အရည်အသွေးများ တိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်ပေးနိုင်ခဲ့ပါသည်။ ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်အတွက် ကဏ္ဍပေါင်းစုံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းဖြစ်ပါသည်။

## နောက်ခံသမိုင်း

၂။ ၁၈၇၄ ခုနှစ်တွင် မြူနီစီပါယ်အက်ဥပဒေကိုထုတ်ပြန်ကြေငြာပြီး ရန်ကုန်မြို့အပါအဝင် မြို့ကြီး(၇)မြို့တွင် စည်ပင်သာယာရေးကော်မတီဖွဲ့စည်းခဲ့ပြီး မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၈၉၈ ခုနှစ် မြူနီစီပါယ်အက်ဥပဒေသည် ပိုမိုအကျုံးဝင်ပြည့်စုံမှုရှိပါသည်။ ထို့ပြင် မြူနီစီပါယ်ကော်မတီများနှင့် မြို့နယ်ကော်မတီများကို မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

၃။ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်လုပ်ဆောင်နိုင်ရန် ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေကို ၁၉၂၁ ခုနှစ်မှာ ထုတ်ပြန်ကြေငြာခဲ့ပြီးနောက် ခရိုင်ကောင်စီများကို ဖွဲ့စည်းခဲ့ပါသည်။ ဖွံ့ဖြိုးမှုနည်းပါးသည့် ဝေးလံခေါင်ဖျားဒေသများအတွက် ခရိုင်ဝန်မင်းကြီး၏ ဒေသဆိုင်ရာ ရန်ပုံငွေအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါသည်။

၄။ ၁၉၇၄ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မထုတ်ပြန်မီ ၁၉၇၂ ခုနှစ်တွင် အုပ်ချုပ်ရေးစနစ်သစ်အစပြုခဲ့ပါသည်။ ထို့နောက် ခရိုင်များတွင် အခြေပြုဖွဲ့စည်းခဲ့သည့် ခရိုင်ဝန်မင်းကြီး၏ ဒေသဒေသဆိုင်ရာရန်ပုံငွေအဖွဲ့နှင့် ခရိုင်ကောင်စီများကို ဖျက်သိမ်းပြီး

မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကို မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ဖွဲ့စည်းခဲ့ပါသည်။

၅။ အသစ်ပြန်လည်ဖွဲ့စည်းလိုက်သည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် ပြည်ထဲရေးနှင့် သာသနာရေးရာဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ပါဝင်ပါသည်။

၆။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် (၅/၉၃) အရ ၁၉၉၃ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ထုတ်ပြန်ကြေငြာခဲ့ပါသည်။ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီ(၃၀)ရက်နေ့တွင် စည်ပင်သာယာရေးဦးစီးဌာနကို ဖွဲ့စည်းပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်တွင် စည်ပင်သာယာရေးဦးစီးဌာနသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကို ကွပ်ကဲအုပ်ချုပ်ခဲ့ပါသည်။

၇။ ၂၀၁၁ ခုနှစ်၊ ဧပြီလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၂ ခုနှစ်၊ ဇွန်လတွင် စည်ပင်သာယာရေးဦးစီးဌာနကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟု ကျစ်လျစ်စွာ ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကထား လုပ်ဆောင်နေရာမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း တစ်ခုတည်းကိုသာ ပြောင်းလဲလုပ်ဆောင်ခဲ့ပါသည်။



**မူဝါဒ**

၈။ ဦးစီးဌာနအား ပြောင်းလဲဖွဲ့စည်းခဲ့သည်နှင့်အညီ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များလည်း ပြောင်းလဲလာခဲ့ပါသည်။ ပထမအချက်အနေဖြင့် ယခင်ကျင့်သုံးခဲ့သည့် ဗဟိုအုပ်ချုပ်မှုစနစ်မှသည် အောက်ခြေမှစတင်သည့်စနစ်ကိုပြောင်းလဲခဲ့ပါသည်။ ဒုတိယအနေဖြင့်သယံဇာတများကို အခြေပြုသည့် ဖွံ့ဖြိုးတိုးတက်ရေးနည်းဗျူဟာမှသည် လူ့စွမ်းအားအရင်းအမြစ်ကိုအခြေခံသည့် နည်းဗျူဟာအဖြစ် ပြောင်းလဲကျင့်သုံးခဲ့သည်။ ကျေးလက်နေပြည်သူများ၏ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားဆောင်ရွက်ခြင်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မူဝါဒဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၉။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖွဲ့စည်းတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်မှဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ပေးရန်၊

(ခ) ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် မြို့ပြနှင့်ကျေးလက် လူမှုစီးပွားဘဝ ကွာဟမှုကျဉ်းမြောင်းစေရန်၊

(ဂ) မြန်မာ့ကျေးလက် ယဉ်ကျေးမှုကိုထိန်းသိမ်းရန်။

## လုပ်ငန်းတာဝန်

၁၀။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အဓိက လုပ်ငန်းစဉ်(၁၂)ရပ်ချမှတ်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။၎င်းတို့မှာ-

(က) ကျေးရွာချင်းဆက်၊ ကျေးလက်နှင့်မြို့ဆက်နှင့် ခရိုင်ချင်းဆက် လမ်း/တံတားများ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြင်ဆင် ထိန်းသိမ်းခြင်း၊

(ခ) ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက် ပေးခြင်း၊

(ဂ) ကျေးလက်ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ကျေးရွာများ တည်ဆောက်ပေးခြင်း၊

(င) ကျေးလက်မီးလင်းရေးဆောင်ရွက်ခြင်း၊

(စ) ကျေးလက်ကုန်ထုတ်လုပ်ငန်းများဖော်ထုတ်ဆောင်ရွက်ပေးခြင်း၊

(ဆ) ကျေးလက်စီးပွားရေးလုပ်ငန်းများဖော်ထုတ်ဆောင်ရွက်ပေးခြင်း၊

(ဇ) ကျေးလက်ပြည်သူများအတွက် အသေးစားချေးငွေလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ) ကျေးလက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊

(ည) ကျေးလက်ယဉ်ကျေးမှုနှင့်ဓလေ့ထုံးစံများ ဖော်ထုတ်ထိန်းသိမ်းခြင်း၊

(ဋ) မြို့ပြနှင့်ကျေးလက်လူမှုစီးပွားဘဝကွာဟမှု ကျဉ်းမြောင်းစေရေး အတွက် မဟာဗျူဟာအစီအမံများ ချမှတ်ဆောင်ရွက်ပေးခြင်း၊


(ဌ) ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး လုပ်ငန်းစဉ်(၈)ရပ်တွင် အကျုံးဝင်သောကိစ္စရပ်များ ဆောင်ရွက်ပေးခြင်း။



## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အဆင့်ဆင့်ဖွဲ့စည်းမှု

၁၁။ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နိုင်ငံတစ်ဝှမ်းလုံး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းအတွက် အဓိကထားဆောင်ရွက်ရသောအဖွဲ့ ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) သည် နေပြည်တော်တွင် တည်ရှိပြီး ရုံးခွဲများကို တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်ထားပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ မြို့နယ်ခွဲ အဆင့်အထိ ရုံးခွဲများတည်ရှိပါသည်။ မြို့နယ်အဆင့်ကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ခွဲအဆင့်ကို မြို့နယ်ခွဲစည်ပင် သာယာရေးအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ကို တိုင်းဒေသကြီး/ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ဟု အမည်များသတ်မှတ်ထားပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် တာဝန်ရှိပြီး စည်ပင် သာယာရေးအဖွဲ့များသည်လည်း ၎င်းတို့၏ သက်ဆိုင်ရာ နယ်ပယ် အသီးသီး၌ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အတွက် တာဝန်ရှိပါသည်။

၁၂။ လက်ရှိတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုအောက်၌ တိုင်းဒေသကြီး/ပြည်နယ်(၁၄)ခု၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ရုံးခွဲ(၂)ခု၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့(၂၈၄)ဖွဲ့၊ မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့(၈၂)ဖွဲ့ ရှိကြပါသည်။




## ဘဏ္ဍာငွေကျခံသုံးစွဲမှုအခြေအနေ

၁၃။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အစိုးရအဖွဲ့ အစည်းဖြစ်သည့်အတွက် ဦးစီးဌာန၏ဘဏ္ဍာငွေသည် ပြည်ထောင်စု လွှတ်တော်မှ ခွင့်ပြုပေးခဲ့သည့် ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ ရရှိ ပါသည်။ သို့ရာတွင် စည်ပင်သာယာရေးအဖွဲ့များနှင့် ဘတ်ဂျက်စနစ် ကွဲပြားပါသည်။ မြို့နယ်(သို့မဟုတ်) မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့ များသည် မြူနီစီပယ် သဘောသဘာဝဖြစ်ပြီး သတ်မှတ်ပြဋ္ဌာန်းထား သော ဥပဒေအရ အခွန်၊ အခများအား ကောက်ခံရရှိခြင်းဖြစ်သည်။ ကောက်ခံရရှိသော အခွန်များဖြင့် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ၏ သဘောတူခွင့်ပြုချက်ဖြင့် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်း များ အတွက် ဘတ်ဂျက်ခွဲဝေ အသုံးပြုပါသည်။



## ကျေးလက် လမ်း၊တံတား တည်ဆောက်ခြင်း

၁၄။ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချစေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံလိုအပ်ချက် ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးအား အရှိန်အဟုန်ဖြင့် ဆောင်ရွက် ပေးခြင်းပင်ဖြစ်သည်။ သို့ဖြစ်ပါ၍ ကျေးရွာချင်းဆက် လမ်းများ၊ ကျေးရွာနှင့်မြို့နယ်ချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက် လမ်းများအား ဖောက်လုပ်ပေးလျက်ရှိရာ အောင်မြင်စွာ ဆောင်ရွက် နိုင်ရေးအတွက် ကာလရှည်နှစ်(၃၀)စီမံကိန်းအား (၂၀၀၁-၂၀၀၂) ဘဏ္ဍာရေးနှစ်မှ (၂၀၃၀-၂၀၃၁)ဘဏ္ဍာရေးနှစ်အထိ အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁၅။ အဆိုပါကာလရှည်နှစ်(၃၀)စီမံကိန်းအား ကာလတိုစီမံကိန်း (၆)ခုအပေါ် အခြေပြု၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ (၂၀၀၁-၂၀၀၂)ဘဏ္ဍာရေးနှစ်မှ (၂၀၀၅-၂၀၀၆) ဘဏ္ဍာရေးနှစ် အထိနှင့် (၂၀၀၆-၂၀၀၇)ဘဏ္ဍာရေးနှစ်မှ (၂၀၁၀-၂၀၁၁) ဘဏ္ဍာ ရေးနှစ်အထိ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ ပါသည်။ လက်ရှိတွင်(၂၀၁၁-၂၀၁၂)ဘဏ္ဍာရေးနှစ်မှ (၂၀၁၅- ၂၀၁၆) ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်စီမံကိန်းဖြင့် အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နှစ်(၃၀)စီမံကိန်းပြီးဆုံးချိန်တွင် တစ်နိုင်ငံလုံးရှိ ကျေးလက်လမ်းများ၏ ၅၀%သည် ကတ္တရာလမ်း အဖြစ် ဆောင်ရွက်ပေးရန်ဖြစ်ပြီး ကျန်အပိုင်းသည် ကျောက်ချော လမ်းများ အဖြစ်ဆောင်ရွက်ပေးရန် ရည်မှန်းထားရှိပါသည်။

၁၆။ အဆိုပါစီမံကိန်းအရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့များမှ ကျေးလက် လမ်း၊ တံတား တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တာဝန်မယူမီ ၁၉၈၈ ခုနှစ်ရှိ လမ်းတံတားများ၏အခြေအနေနှင့် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလအထိ ပြောင်းလဲတိုးတက်လာသည့် လမ်းတံတားများ၏ အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) ကျေးလက်လမ်းတည်ဆောက်နိုင်မှုအခြေအနေ (မိုင်/ဖာလုံ)**

| လမ်းအမျိုးအစား | ၁၉၈၈မတိုင်မီ လမ်းအရှည် | ၂၀၁၂၊ အောက်တိုဘာလ အထိလမ်းအရှည် | တိုးတက်မှု |
|---|---|---|---|
| ကတ္တရာလမ်း | ၁၄၄/၅ | ၂၀၇၇/၀ | ၁၉၃၂/၃ |
| ကျောက်ချောလမ်း | ၈၂၂/၇ | ၇၃၆၀/၅ | ၆၅၃၇/၆ |
| ဂဝံလမ်း | ၉၀/၄ | ၂၃၈၆/၃ | ၃၁၉၅/၇ |
| မြေသားလမ်း | ၃၈၁၅/၁ | ၂၅၄၃၀/၁ | ၂၁၆၁၅/၀ |
| **စုစုပေါင်း** | **၄၈၇၃/၁** | **၃၈၁၅၄/၁** | **၃၃၂၈၁/၀** |



**(ခ )ကျေးလက်တံတားများတည်ဆောက်နိုင်မှုအခြေအနေ**

| တံတားအမျိုးအစား | ၁၉၈၈မတိုင်မီ အရေအတွက် | ၂၀၁၂၊ အောက်တိုဘာလ အထိအရေအတွက် | တိုးတက်မှု |
|---|---|---|---|
| ကွန်ကရစ်တံတား | ၁၀၅၀ | ၂၄၆၆ | ၁၄၁၆ |
| သစ်သားတံတား | ၂၅၉၂ | ၆၃၆၀ | ၃၇၆၈ |
| ရေပြွန် | ၂၀ | ၂၆၅၅ | ၂၆၃၄ |
| အခြား | - | ၆၄၃ | ၆၄၃ |
| **စုစုပေါင်း** | **၃၆၆၃** | **၁၂၁၂၄** | **၈၄၆၁** |

**ကျေးလက်ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း**

၁၇။ လူသားများ အသက်ရှင်နေထိုင်ရေးနှင့် လူမှု-စီးပွားဘဝ တိုးတက်ကောင်းမွန်စေရေးအတွက် ရေသည် မရှိမဖြစ် လိုအပ်သော အရာဖြစ်ပါသည်။ လူသားများ၏ ဆောင်ရွက်မှုတိုင်းတွင် ရေအသုံးချမှုပါဝင်နေသည့်အတွက် လူမှုဘဝရှင်သန်ဖွံ့ဖြိုးရေးတွင် ရေသည် အရေးပါဆုံးဖြစ်သည်။ သို့ပါ၍ လူမှုအဖွဲ့အစည်းအား သန့်ရှင်းသော ရေရရှိရေး ထောက်ပံ့ပေးခြင်းသည် မရှိမဖြစ် လိုအပ်လျက်ရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရေရှားပါးသောကျေးလက်ဒေသများအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေးအစီအစဥ်အားဆောင်ရွက်ပေးလျက်ရှိပါသည်။ ရေအလွန်ရှားပါးသည့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်ဒေသရှိ ကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအား ဦးစားပေး

ဆောင်ရွက်ခဲ့ပါသည်။ သို့အတွက် အပူပိုင်းဇုန်ဒေသရှိ စစ်ကိုင်း၊ မန္တလေး၊မကွေးတိုင်းဒေသကြီး(၃)ခုတို့တွင် ဦးစားပေးဆောင်ရွက်ပေးပြီး(၂၀၀၀-၂၀၀၁) ဘဏ္ဍာရေးနှစ်မှစတင်၍ အောင်ပါစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်-

(က) အပူပိုင်းဇုန်တိုင်း(၃)တိုင်း သန့်ရှင်းသောသောက်သုံးရေရရှိရေး ၁၀ - နှစ် စီမံကိန်း၊

(ခ) ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေး ၁၀ နှစ်စီမံကိန်း။

၁၈။ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်ခဲ့သည့် ရေပေးရေးစနစ်များ၏ (၂၀၁၂)ခုနှစ်၊ အောက်တိုဘာလအထိ ပြီးစီးမှု အခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၁၀နှစ်စီမံချက် ဖြင့်လျားထား သည့်ကျေးရွာ | ပြီးစီးသည့် ကျေးရွာ | ပြီးစီးမှု အရေ |
|---|---|---|---|---|
| (က) | စစ်ကိုင်း | ၂၄၅၄ | ၂၆၂၀ | ၃၉၉၇ |
| (ခ ) | မကွေး | ၁၄၆၉ | ၁၆၃၂ | ၂၇၅၉ |
| (ဂ ) | မန္တလေး | ၄၁၁၉ | ၄၄၅၂ | ၇၀၉၈ |
| | **ပေါင်း** | **၈၀၄၂** | **၈၇၀၆** | **၁၃၈၅၄** |
| | အခြားပြည်နယ်/ တိုင်းဒေသကြီး | ၁၅၁၈၃ | ၁၇၁၆၇ | ၂၄၅၉၇ |
| | **စုစုပေါင်း** | **၂၃၂၂၅** | **၂၅၈၇၃** | **၃၈၄၅၁** |



**ပြည်တွင်း/ပြည်ပအလှူရှင်များ၏ လှူဒါန်းမှုဖြင့်ဆောင်ရွက်ခဲ့သည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ**

၁၉။ မြန်မာ့ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများအရ မြန်မာလူမျိုးတို့သည် ရေလှူဒါန်းရခြင်းသည် ကောင်းမွန်သည့် လုပ်ဆောင်ချက်ဖြစ်ပြီး အကျိုးကျေးဇူးများစွာ မတောင်းဘဲ ရနိုင်ကြောင်း ယုံကြည်ကြပါသည်။ ထို့ကြောင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများအတွက် ရေတွင်းအလှူရှင်များမှ အဆက်မပြတ် ငွေများလှူဒါန်းလျက်ရှိပါသည်။ ပြည်တွင်းရေအလှူရှင်များမှ ယနေ့အထိ လှူဒါန်းရရှိငွေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| မြန်မာကျပ်ငွေ(သန်းပေါင်း) | ၂၆၉၆.၆၂ |
| အမေရိကန်ဒေါ်လာ | ၇၇၉၅၂ |
| ယူရိုငွေ | ၇၇၀ |
| FEC | ၁၀၀၁၂ |

၂၀။ ပြည်တွင်းရေအလှူရှင်များ၏ လှူဒါန်းငွေဖြင့် အပူပိုင်းဇုန်ဒေသတွင် တူးဖော်ပေးခဲ့သည့်စက်ရေတွင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် အရေ အတွက် | ကျေးရွာ အရေ အတွက် | စက်ရေတွင်း အရေ အတွက် |
|---|---|---|---|---|
| (က) | စစ်ကိုင်း | ၂၆ | ၅၄၆ | ၇၄၆ |

| | | | | |
|---|---|---|---|---|
| (ခ) | မကွေး | ၂၄ | ၃၃၄ | ၅၀၅ |
| (ဂ) | မန္တလေး | ၂၂ | ၆၃၈ | ၈၇၉ |
| | **စုစုပေါင်း** | **၇၂** | **၁၅၁၈** | **၂၁၃၀** |

၂၁။ နိုင်ငံတကာကုမ္ပဏီတစ်ခုဖြစ်သည့် Utopia International Japan သည် အမေရိကန်ဒေါ်လာ ၅၀၀၀၀ လှူဒါန်းခဲ့ပြီး ယင်းအလှူငွေဖြင့် ၄" Ø တွင်းနက်တစ်တွင်းနှင့် ဂါလံ (၄၀၀၀)ဆန့်ရေသိုလှောင်ကန်တစ်ခုအား ချောက်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ (၈)ရွာတို့တွင် စက်ရေတွင်းနက်များကို တူးဖော်ပေးခဲ့ပါသည်။

## နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ

၂၂။ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးအစီအစဉ်နှင့် စီမံချက်များအား ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)

၂၃။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံတွင် (၁၉၉၄)ခုနှစ်မှစတင်၍ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် HDI Program အား ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါအစီအစဉ်တွင် UNDP ၏ထည့်ဝင်ငွေအမေရိကန်ဒေါ်လာ (၂.၃)သန်းဖြင့် အပူပိုင်းဇုန်ဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် ရှမ်းဇုန်တွင် ရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ရေပေးရေးနှင့်ကျန်းမာသန့်ရှင်းရေးအပါအဝင် ကျေးလက်လမ်း/တံတား ပြင်ဆင်ထိန်းသိမ်းမှုများလည်း ပါဝင်သည်။



၂၄။ (၁၉၉၇ မှ ၁၉၉၉)အထိ အမေရိကန်ဒေါ်လာ ၅.၃၄ သန်းဖြင့် HDI-II program အား သက်တမ်းတိုး ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် UNDP မှ ထည့်ဝင်ငွေအမေရိကန်ဒေါ်လာ (၄.၂၉) သန်းဖြင့်(၁၉၉၉ မှ ၂၀၀၂) ခုနှစ်အထိ HDI-III အား ဆက်လက်သက်တမ်းတိုးဆောင်ရွက်ခဲ့ပါသည်။

၂၅။ HDI-IV အစီအစဉ်အား ၂၀၀၃ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (ICDP) ၏ ပင်မဆက်သွယ်ရာဌာန အဖြစ်ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်လူမှုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေး၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် အခြားလူမှုရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများအား ၂၀၀၃ ခုနှစ်မှစတင်၍ UNDP မှ ထည့်ဝင်ငွေအမေရိကန်ဒေါ်လာ (၇၇.၃၆)သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ် (၅)ခုရှိ စီမံချက်မြို့နယ် (၁၇)မြို့နယ်(မကွေး၊ ပခုက္ကူ၊ သရက်၊ ကံမ၊ ဆင်ပေါင်ဝဲ၊ ချောင်းဦး၊ ငပုတော၊ ရေကြည်၊ ကျိုက်လတ်၊ ရွာငံ၊ ပင်းတယ၊ သီပေါ၊

ကျောက်မဲ၊ နောင်ချိုနှင့် လွိုင်ကော်)တွင် (၂၀၁၂)နှစ်ကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးလက်လူမှုဖွံ့ဖြိုးတိုးတက်ရေး စီမံချက်လုပ်ငန်းများအား ၂၀၀၃ မှ ၂၀၁၁ ခုနှစ်အထိ ဆောင်ရွက်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ပညာရေး**

မူလတန်းကျောင်းများပြုပြင်မွမ်းမံခြင်းနှင့်တိုးချဲ့ခြင်း - ၈၆၆

ကျောင်းနှင့်ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ပေးခြင်း - ၃၄၁

ကျောင်းသုံးစာရေးကိရိယာနှင့်ဗလာစာအုပ်များဖြန့်ဝေခြင်း - ၂၄၁၇၉၉

ကလေးငယ်စောင့်ရှောက်မှုအတွက်ထောက်ပံ့ခြင်း - ၁၆၇၂၄

(ခ) **ကျန်းမာရေး**

ကျေးရွာဆေးပေးခန်းများပြန်လည်ပြုပြင်မွမ်းမံခြင်း - ၂၆၄

ကျန်းမာရေးအသိပညာတိုးပွားစေခြင်းသင်တန်းပေးခြင်း - ၂၃၃၆၈

တကိုယ်ရေကျန်းမာခြင်း၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းခြင်းသင်တန်း - ၆၂၉၅

(ဂ) **ရေပေးရေးနှင့်ကျန်းမာသန့်ရှင်းရေး**

မိုးရေလှောင်ကန်များဆောက်လုပ်ပေးခြင်း - ၁၁၂၅၅၉



တွင်းတိမ်တူးဖော်ခြင်းနှင့်လက်တူးတွင်းသစ်များတူးဖော်ခြင်း - ၁၀၆၁

အသေးစားရေလှောင်တမံအသစ်တည်ဆောက်ခြင်း - ၃၂

ယင်လုံအိမ်သာတည်ဆောက်ခြင်း - ၅၅၇၉၀

(ဃ) **လူမှုရေးနှင့်ဆိုင်သောလုပ်ငန်းများ**

တံတားငယ်များတည်ဆောက်ခြင်း - ၅၈၂

လူသွားလမ်းများတည်ဆောက်ခြင်း - ၂၄၆၅၂၀၅

ကျေးလက်မီးရရှိရေး - ၂၀၁

(င) **အသက်မွေးဝမ်းကြောင်းနှင့်ဆိုင်သောလုပ်ငန်းများ**

စိုက်ပျိုးရေးကိရိယာများထောက်ပံ့ပေးခြင်း - ၈၇၃၃၆

စပါးစံပြစိုက်ကွက်များ - ၂၄၂

အသေးစားမွေးမြူရေးလုပ်ငန်း - ၄၄

အသက်မွေးဝမ်းကြောင်းဆိုင်ရာထောက်ပံ့မှု(အိမ်ထောင်စု) - ၄၄၄၃

သစ်တောစိုက်ခင်း - ၁၁၅

(စ) **စိတ်တူကိုယ်တူလုပ်ငန်းများဆောင်ရွက်ခြင်း**

သီးနှံစိုက်ပျိုးခြင်းအတွက်အရင်းအနှီးထောက်ပံ့ခြင်း - ၄၉၂၁၉

စိတ်တူကိုယ်တူအဖွဲ့ဝင်များအားချေးငွေပံ့ပိုးခြင်း - ၆၄၂

(ဆ) **ထိခိုက်လွယ်မိသားစုများအားထောက်ပံ့မှုပေးခြင်း**

| | | |
|---|---|---|
| အသက်မွေးဝမ်းကြောင်းဆိုင်ရာ ထောက်ပံ့မှု(အိမ်ထောင်စု) | - | ၂၅၉ |
| အသေးစားမွေးမြူရေးလုပ်ငန်းများ ထူထောင်ပေးခြင်း(အိမ်ထောင်စု) | - | ၂၆၁ |
| အသေးစားစီးပွားရေးလုပ်ငန်းများ (အိမ်ထောင်စု) | - | ၅၁ |

**ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF)**

၂၆။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့သည် ၁၉၉၇ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ရေရရှိရေးစီမံကိန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **Safe Drinking Water Supply Project**

| | |
|---|---|
| (၁) စီမံကိန်းဧရိယာ | - တိုင်းဒေသကြီး/ ပြည်နယ် (၁၄)ခု |
| (၂) UNICEF မှ ထည့်ဝင်ငွေ | - ပစ္စည်းကိရိယာများ ပံ့ပိုးပေးခြင်း |
| (၃) စီမံကိန်းကာလ | - ၁၉၉၇-၉၈ မှ ၂၀၀၀-၀၁ ထိ |
| (၄) အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု | - ရေရရှိရေးစနစ်(၅၃၆၂)ခု |



(ခ) **Area Focused Townships Project**

| | |
|---|---|
| (၁) စီမံကိန်းဧရိယာ | - တိုင်းဒေသကြီး/ ပြည်နယ် (၁၄)ခုရှိ(၅၉)မြို့နယ် |
| (၂) UNICEF မှ ထည့်ဝင်ငွေ | - အမေရိကန်ဒေါ်လာ (၁.၉၄)သန်း |
| (၃) အစိုးရမှထည့်ဝင်ငွေ | - ကျပ်သန်းပေါင်း (၄၂၈.၉၉)သန်း |
| (၄) ပြည်သူမှထည့်ဝင်ငွေ | - ကျပ်သန်းပေါင်း (၄၂၈.၇၃)သန်း |
| (၅) စီမံကိန်းကာလ | - ၂၀၀၁ မှ ၂၀၀၅ အထိ |

(၆) အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု

| | |
|---|---|
| (က) စက်ရေတွင်း(တွင်းတိမ်) | - ၉၂၄ တွင်း |
| (ခ ) စက်ရေတွင်း(တွင်းနက်) | - ၂၆၉ တွင်း |
| (ဂ ) ရေကန်အဆင့်မြှင့်ခြင်း | - ၁၄၁ ကန် |
| (ဃ) လက်ယက်တွင်းအဆင့်မြှင့်ခြင်း | - ၅၄၀ တွင်း |
| (င ) စိမ့်စမ်းရေသွယ်ခြင်း | - ၃၇၅ ခု |
| (စ ) မိုးရေလှောင်ကန်တည်ဆောက်ခြင်း | - ၃၃၄ ကန် |
| **စုစုပေါင်းလုပ်ငန်း** | **- ၂၅၈၃** |

(ဂ ) **Water Supply and Sanitation Project Extension**

(၁) စီမံကိန်းဧရိယာ - တိုင်းဒေသကြီး/ပြည်နယ် (၁၄)ခု

(၂) UNICEF မှ ထည့်ဝင်ငွေ - ကျပ်သန်းပေါင်း (၆၂၁.၁၄)သန်း
- အမေရိကန်ဒေါ်လာ (၄.၃၂)သန်း

(၃) အစိုးရမှထည့်ဝင်ငွေ - ကျပ်သန်းပေါင်း (၂၇၇.၂၇)သန်း

(၄) ပြည်သူမှထည့်ဝင်ငွေ - ကျပ်သန်းပေါင်း (၁၀.၄)သန်း

(၅) စီမံကိန်းကာလ - ၂၀၀၆-၂၀၀၇ မှ ၂၀၁၀-၂၀၁၁ ထိ

(၄) အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု

(က) ကျေးလက်ရေပေးရေး - ၉၅၂ ခု

(ခ ) အာဆင်းနစ်ကင်းစင်သည့် သောက်သုံးရေရရှိရေးစနစ်များ - ၇၇ ခု

(ဂ ) ကျေးလက်စျေးများအတွင်း အိမ်သာများဆောက်လုပ်ပေးခြင်း - ၇၅ ခု

**စုစုပေါင်းလုပ်ငန်း - ၁၁၀၄**



(ဃ) **Water Supply and Sanitation Project Extension**

(၁) စီမံကိန်းဧရိယာ - တိုင်းဒေသကြီး/ပြည်နယ် (၁၀)ခုရှိ မြို့နယ်(၂၅)မြို့နယ်

(၂) UNICEF မှ ထည့်ဝင်ငွေ - အမေရိကန်ဒေါ်လာ (၂.၆၇)သန်း

(၃) စီမံကိန်းကာလ - ၂၀၁၁ မှ ၂၀၁၅ ထိ

(၄) အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု

(က) ကျေးလက်ရေပေးရေး - ၉၁ ခု

(ခ ) အာဆင်းနစ်ကင်းစင်သည့် သောက်သုံးရေရရှိရေးစနစ်များ - ၁၀ ခု

(ဂ ) ကျေးလက်စျေးများအတွင်း အိမ်သာများဆောက်လုပ်ပေးခြင်း - ၂၀ ခု

စုစုပေါင်း - ၁၂၁ ခု

(၅) UNICEF မှ ထည့်ဝင်မှု - ငွေကျပ်သန်းပေါင်း (၃၁၆.၆)သန်း(၂၀၁၁-၁၂)

## ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအစီအစဉ် (WFP)

၂၇။ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအစီအစဉ် (WFP)သည် မြန်မာနိုင်ငံတွင် ၂၀၀၃-ခုနှစ်မှစတင်၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ရေရှည်ကယ်ဆယ်ရေးနှင့် ထူထောင်ရေးစီမံကိန်း(PRRO)ကို ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၎င်းစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၇)မြို့နယ်မှ ကျေးရွာ

(၃၃၅)ရွာ၌ စားနပ်ရိက္ခာပံ့ပိုးမှုလုပ်ငန်းများတွင် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

၂၈။ စီမံကိန်းသည် ၂၀၁၂-ခုနှစ်အထိ ထိခိုက်လွယ် မိသားစုများအတွက် အစားအစာများဖူလုံရေး၊ အာဟာရပါဝင်မှုအခြေအနေနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ထိခိုက်လွယ် မိသားစုများနှင့် အဟာရချို့တဲ့သူများအတွက် လိုအပ်သော အထောက်အပံ့ပစ္စည်းများအား လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုအပေါ် ရိက္ခာထောက်ပံ့ပေးခြင်း၊ သင်တန်းတက်ရောက်ခြင်းအတွက် ရိက္ခာထောက်ပံ့ခြင်း၊ ကျောင်းသူ/ သားများအား ရိက္ခာထောက်ပံ့ပေးခြင်း၊ မိခင်နှင့်ကလေးများအား အာဟာရထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ PRRO စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စီမံကိန်းဧရိယာ - မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူ၊ ရေနံချောင်း၊ ချောက်၊ ရေစကြို၊ ပေါက်၊ နတ်မောက်၊ မကွေး

(ခ ) စီမံကိန်းကာလ - ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ (၃)နှစ်

(ဂ ) ထပ်မံတိုးချဲ့သည့်ကာလ- ၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ (၃)နှစ်



(ဃ) WFP မှ ထည့်ဝင်ငွေ - ၂၀၀၇ မှ ၂၀၀၉ အထိ အစားအစာတန်ချိန် (၂၁၀၄၆.၈၉)တန် (၂၀၁၀ ဇန်နဝါရီလမှ ၂၀၁၁ ဒီဇင်ဘာလအထိ) အစားအစာတန်ချိန် (၉၁၅၆.၂၄၄) တန် ဖြန့်ဖြူးပေးခဲ့ပါသည်။

**ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ် (UN-HABITAT)**

၂၉။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အခြားသော မိတ်ဖက်အဖွဲ့အစည်းတစ်ခုမှာ (UN-HABITAT) ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UN-HABITAT တို့ ပူးပေါင်း၍ ကမ်းရိုးတန်းနှင့် မြို့ပြဒေသဖွံ့ဖြိုးရေး အထောက်အကူပြုအစီအစဉ်(CUSSP)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ CUSSP ၏ အဓိကရည်ရွယ်ချက်မှာ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊ လူမှုအဖွဲ့အစည်း၏ အခြေခံစားဝတ်နေရေးကို ပြည့်စုံစေခြင်းဖြင့် လူမှုရေးလိုအပ်ချက်များကို ရရှိစေခြင်း၊ ကျန်းမာသန့်ရှင်းရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး ထောက်ပံ့ပေးခြင်းဖြင့် လူသားများ၏ ကျန်းမာရေးနှင့်ဘဝလုံခြုံရေးတို့ကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ရည်ရွယ်ပါသည်။ အဆိုပါအစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေး

တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ရှိ မြို့နယ်(၂၁)မြို့နယ်တွင် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၃ ခုနှစ်၊ မေလအထိ (၁၈)လကြာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ CUSSP ၏ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဥ်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) စီမံကိန်းဧရိယာ - ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်၊လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ဖျာပုံ၊ တွံတေး၊ကွမ်းခြံကုန်း၊ မိတ္ထီလာ၊မြင်းခြံ၊ညောင်ဦး၊ ပျော်ဘွယ်၊သာစည်၊ဝမ်းတွင်း ရမည်းသင်း၊ပခုက္ကူ၊ဆိပ်ဖြူ၊ အောင်လံ၊ဆင်ပေါင်ဝဲ၊ ငွါးသံတွဲ။

(ခ) စီမံကိန်းကာလ - ၂၀၁၁ ခုနှစ်၊ဒီဇင်ဘာလမှ ၂၀၁၃ ခုနှစ်၊ မေလအထိ

(ဂ) ထည့်ဝင်ငွေ - အမေရိကန်ဒေါ်လာ (၆.၀၀၇)သန်း

(ဃ) စီမံကိန်းလုပ်ငန်းများ - အိုးအိမ်နှင့် အသက်မွေး ဝမ်းကြောင်း
-သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်မှုလျော့ပါးရေး/ နည်းပညာပံ့ပိုးမှု
- အခြေခံအဆောက်အအုံများ/ ရေရရှိရေးနှင့် ကျန်းမာ သန့်ရှင်းရေး
- စွမ်းဆောင်ရည်မြှင့်တင်ခြင်း



## ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)

၃၀။ ကျေးလက်ပြည်သူများ ရေဖူလုံစွာရရှိစေရန်အလို့ငှာ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ယင်းတို့အနက် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီသည် ၁၉၈၁ ခုနှစ်မှ စတင်ကာ ကျေးလက်ရေရရှိရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ရေရရှိရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကျေးလက်ရေရရှိရေးစီမံကိန်းများ (၂၀၀၀မှ၂၀၀၅အထိ)

(၁)စီမံကိန်းဧရိယာ - ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ လားရှိုး၊ သိန္နီ၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း

(၂)ပင်မဆက်သွယ်ရာဌာန - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၃)အကောင်အထည် - စက်ရေတွင်း
ဖော်ဆောင်ရွက် (၂၅၀)တွင်း
နိုင်မှု

(၄)JICA မှထည့်ဝင် - ဂျပန်ယန်း (၆၂၄)သန်း
ငွေ

(ခ) အပူပိုင်းဇုန်ကျေးလက်ရေရရှိရေး Master Plan ရေးဆွဲရေးစီမံကိန်း (၂၀၀၀၊ မေလမှ ၂၀၀၃ ခုနှစ်၊ မတ်လအထိ)

(၁)စီမံကိန်းဧရိယာ - ရေစကြို၊ ချောက်၊ မကွေး၊ ပခုက္ကူ၊ မြို့သစ်၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ နွားထိုးကြီး၊ မြင်းခြံ၊ တောင်သာ၊ ပျော်ဘွယ်

(၂)JICA မှ ထည့်ဝင် - ဂျပန်ယန်း(၁၁၀.၀၈)သန်း
ငွေ တန်ဖိုးရှိ တွင်းတူးလွန်သွားများ၊ တွင်းတူးဆက်စပ်ပစ္စည်းများနှင့် နည်းပညာအကူအညီ

(၃)အကောင်အထည် - မြို့နယ်(၁၁)မြို့နယ်ရှိ
ဖော်ဆောင်ရွက် စက်ရေတွင်း(၂၂)တွင်း
နိုင်မှု



(ဂ) **အပူပိုင်းဇုန် ကျေးလက်ရေရရှိရေး နည်းပညာစီမံကိန်း**

(၁)စီမံကိန်းကာလ - ၂၀၀၆ နိုဝင်ဘာလမှ ၂၀၀၉ အောက်တိုဘာလအထိ

(၂)စီမံကိန်းဧရိယာ - ညောင်ဦး၊ ချောက်၊ ကျောက်ပန်းတောင်း

(၃) JICA မှ ထည့်ဝင်- အမေရိကန်ဒေါ်လာ (၅.၅)
ငွေ သန်းခန့်

(၄)ဆောင်ရွက်ပြီးစီးမှု
စက်ရေတွင်းသစ်တူးဖော်ခြင်း - ၂၀
စက်ရေတွင်းဟောင်းများပြုပြင်ခြင်း - ၄၀

(ဃ) **အပူပိုင်းဇုန်ကျေးလက်ရေရရှိရေး နည်းပညာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက် ခဲ့သည့် ညောင်ဦးမြို့ရှိ ဗဟိုစက်ပြင်အလုပ်ရုံအား အဆင့်မြှင့်တင်ခြင်း**

(၁)စီမံကိန်းကာလ - ၂၀၁၀ နိုဝင်ဘာလမှ ၂၀၁၁ မတ်လအထိ
၂၀၁၁ ဩဂုတ်လမှ ၂၀၁၁ ဒီဇင်ဘာလအထိ

(၂)စီမံကိန်းဧရိယာ - ညောင်ဦး(မန္တလေးတိုင်းဒေသကြီး)

(၃) JICA မှ ထည့်ဝင်- အမေရိကန်ဒေါ်လာ (၁.၆၅)
ငွေ သိန်းကျော်

## (င) အပူပိုင်းဇုန်ကျေးလက်ရေရရှိရေးအတွက် စက်ပစ္စည်း ကိရိယာများ ထောက်ပံ့ပေးရေးအစီအစဉ်

(၁)စီမံကိန်းကာလ - ၂၀၁၂-၁၃မှ ၂၀၁၆-၁၇ အထိ

(၂)စီမံကိန်းဧရိယာ - စစ်ကိုင်း၊ မကွေးနှင့် မန္တလေး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း (၁၉)မြို့နယ်မှ ကျေးရွာ(၈၇)ရွာ

(၃) JICA မှ ထည့်ဝင်- ဂျပန်ယန်း(၆၂၉)သန်းခန့် ငွေ

(၄)ထောက်ပံ့ရမည့်ပစ္စည်းများ

| | |
|---|---|
| တွင်းတူးစက်ယာဉ် | ၂ စီး |
| တွင်းတူးလုပ်ငန်းသုံးပစ္စည်း (Bentonite, CMC) | ၁ စုံ |
| လေဖိအားသုံးလေသန့်စင်စက် | ၁ ယူနစ် |
| ပစ္စည်းသယ်ကရိန်းယာဉ် | ၂ စီး |
| ရေတွင်း(၈၇)တွင်းအတွက် Casing Pipe များ | ၃၈၆၅ လုံး |
| ရေမြှုပ်ရေတင်စက်၊ ဒီဇယ်သုံး အင်ဂျင်စက်နှင့် ဆက်စပ် ပစ္စည်းများ | ၈၇ စုံ |
| Spectrophotometer | ၁ ယူနစ် |
| Water Still | ၁ ယူနစ် |



## အာရှ-ဂျပန်ပေါင်းကူးရေးအဖွဲ့(BAJ)

၃၁။ အပူပိုင်းဇုန်ရေရှားပါးသောဒေသများတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အာရှ-ဂျပန်ပေါင်းကူးရေးအဖွဲ့(BAJ) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရေရရှိရေးစီမံကိန်းကို ၁၉၉၁ ခုနှစ်မှစတင်ကာ နားလည်မှုစာချွန်လွှာ (၄)ကြိမ်လက်မှတ်ရေးထိုးပြီး ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါစီမံကိန်းများ၏ အောင်မြင်မှုရလဒ် ကောင်းများလည်း ရရှိခဲ့ပြီးဖြစ်ပါသည်။ ပဥ္စမအကြိမ်မြောက် နားလည်မှု စာချွန်လွှာအဖြစ် (၃)နှစ်သက်တမ်းတိုး ဆောင်ရွက်ရာတွင် ကျေးရွာနေပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိရန်အပြင် တစ်ကိုယ်ရည်သန့်ရှင်းမှုအလေ့အကျင့် ကောင်းများပါ ရရှိစေရန် ရည်ရွယ်ပါသည်။ ရေရရှိရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စီမံကိန်းဧရိယာ - ညောင်ဦး၊ ရေနံချောင်း

(ခ) ပထမအကြိမ်နားလည်မှု စာချွန်လွှာ - ၁၉၉၉ မှ ၂၀၀၂ အထိ

(ဂ) BAJ မှ ထည့်ဝင်ငွေ - အမေရိကန်ဒေါ်လာ (၁.၅၃)သန်း

(ဃ) ဒုတိယအကြိမ်နားလည် မှုစာချွန်လွှာ - ၂၀၀၂ မှ ၂၀၀၅ အထိ

(င) တိုးချဲ့သည့် စီမံကိန်း ဧရိယာ - ကျောက်ပန်းတောင်း

(စ ) BAJ မှ ထည့်ဝင်ငွေ - အမေရိကန်ဒေါ်လာ (၁.၁၄၆)သန်း

(ဆ) တတိယအကြိမ်နားလည်မှုစာချွန်လွှာ - ၂၀၀၅ မှ ၂၀၀၈ အထိ

(ဇ ) တိုးချဲ့သည့် စီမံကိန်း ဧရိယာ - တောင်သာမြို့နှင့် အနီးရှိ ကျေးရွာများ

(ဈ) BAJ မှ ထည့်ဝင်ငွေ - အမေရိကန်ဒေါ်လာ (၁.၀၉၈)သန်း

(ည) စတုတ္ထအကြိမ်နားလည်မှုစာချွန်လွှာ - ၂၀၀၈ ဇူလိုင်လမှ ၂၀၁၁ ဇူလိုင်လအထိ

(ဋ ) တိုးချဲ့သည့် စီမံကိန်း ဧရိယာ - ချောက်

(ဌ ) BAJ မှ ထည့်ဝင်ငွေ - အမေရိကန်ဒေါ်လာ (၁.၆၃၈)သန်း

(ဍ ) အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု

(၁) ရေပေးရေး Facilities များ အသစ်တည်ဆောက်ခြင်း - ၁၀၈ ခု

(၂) စက်ရေတွင်းဟောင်း(၁၈၂)- တွင်းအားပြုပြင်ထိန်းသိမ်းခြင်း ၂၈၈ ကြိမ်

(၃) ဘူမိရူပလေ့လာတိုင်းတာခြင်း- ၅၂၂ ရွာ

(၄) ရေရှည်ပြင်ဆင်ထိန်းသိမ်းမှု- အကူအညီများ ၃၀၁ ရွာ



(ဎ ) ပဉ္စမအကြိမ်နားလည်မှု - ၂၀၁၁ ဇူလိုင်လမှ ၂၀၁၄ ဇူလိုင်လအထိ

(ဏ) တိုးချဲ့သည့်စီမံကိန်း ဧရိယာ - မကွေး၊ နတ်မောက်၊ ရေနံချောင်း၊ ချောက်

(တ) BAJ မှ ထည့်ဝင်ငွေ - အမေရိကန်ဒေါ်လာ (၁.၅၆)သန်း

(ထ) ဆောင်ရွက်ရမည့်လုပ်ငန်းများ

(၁) ရေပေးရေး Facilities များ - အသစ်တည်ဆောက်ခြင်း ၁၃ ရွာ

(၂) လက်ရှိရေပေးရေး Facilities - များ ပြုပြင်ထိန်းသိမ်းခြင်း ၉၀ ရွာ

(၃) ဘူမိရူပလေ့လာတိုင်းတာခြင်း- ၈ ကြိမ်

(၄) ရေရှည်ပြင်ဆင်ထိန်းသိမ်းမှု- အကူအညီများ ၃၀၀ ရွာ

**ကျေးလက်အိမ်ရာစီမံကိန်း**

၃၃။ ကျေးလက်နေပြည်သူတို့၏ လုံခြုံစိတ်ချစွာနေထိုင်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ညွှန်ကြားချက်အရ ကျေးလက်အိမ်ရာစီမံကိန်းများကိုစစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး စသည့်တိုင်းဒေသကြီး(၆) ခုတွင်ဦးစားပေး စတင် ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင်ကျန်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်(၈)ခုတွင်လည်း ဆက်လက်အကောင်အထည်ဖေါ်ဆောင်

ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်အိမ်ရာများနှစ်စဉ် ဆောက်လုပ်ပြီးစီးမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီးနှင့်ပြည်နယ် | ဆောင်ရွက်ပြီးစီးမှု | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | 03-04 | 04-05 | 05-06 | 06-07 | 07-08 | 08-09 | 09-10 | 10-11 | ၁၁-၁၂ | |
| 1 | စစ်ကိုင်း | 175 | 168 | 174 | 228 | 183 | - | 22 | 49 | 9 | 1008 |
| 2 | မကွေး | 57 | 66 | 59 | 133 | 125 | - | 123 | 69 | 22 | 654 |
| 3 | မန္တလေး | 197 | 166 | 67 | 164 | 120 | - | 89 | - | - | 803 |
| 4 | ပဲခူး | 253 | 257 | 286 | 380 | 298 | - | 187 | 218 | 46 | 1826 |
| 5 | ရန်ကုန် | 60 | 44 | 20 | 77 | 77 | - | 30 | 31 | - | 339 |
| 6 | ဧရာဝတီ | 78 | 88 | 164 | 158 | 133 | 42 | 123 | 93 | 25 | 904 |
| | **စုစုပေါင်း** | **820** | **789** | **770** | **1041** | **936** | **42** | **574** | **460** | **102** | **5534** |
| 7 | အခြားတိုင်းဒေသကြီးနှင့်ပြည်နယ် (၈)ခု | 84 | - | - | - | - | - | - | - | - | 84 |
| | **စုစုပေါင်း** | **904** | **789** | **770** | **1041** | **936** | **42** | **574** | **460** | **102** | **5618** |

## အနာဂတ်၏ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်

၃၄။ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် နိုင်ငံတော်၏ အဓိကအဖွဲ့အစည်းဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျွမ်းကျင်စွာ တာဝန် ထမ်းဆောင်ရန်ခိုင်မာသော ယုံကြည်မှုဖြင့် ဆောင်ရွက်နေပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရန်နှင့် ကျေးလက်နေပြည်သူများ၏ ဘဝအဆင့်အတန်းမြင့်တင်၍ ဦးတည်ကြိုးပမ်း ဆောင်ရွက်ရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ပါအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်-



(က) ကျေးရွာချင်းဆက်လမ်းတံတား(၄)နှစ်စီမံကိန်း၊ (၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်ထိ)

(ခ) ရေပေးရေး (၄) နှစ်စီမံကိန်း (၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ထိ)

(ဂ) အသေးစားချေးငွေနှင့် အသက်မွေးဝမ်းကြောင်း အထောက်အကူပြုအစီအစဉ် (၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်ထိ)

(ဃ) ကျေးလက်မီးလင်းရေးစီမံကိန်း (၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်ထိ

၃၅။ တိုင်းဒေသကြီး/ပြည်နယ်(၁၄)ခုနှင့် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသ(၆)ခုတွင် ကျေးရွာချင်းဆက်လမ်း၊တံတား ဖွံ့ဖြိုးမှုအစီအစဉ်ကိုအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုအစီအစဉ်တွင် ကျေးရွာချင်းဆက်လမ်း ၆၄၄၆ မိုင်ခန့်နှင့် တံတား ၁၅၁၆စင်းကို တည်ဆောက်ရမည်ဖြစ်ပါသည်။ (၄)နှစ်စီမံကိန်း

အတွက်ကျပ်သန်းပေါင်း ၂၂၉၅၇၅ ကုန်ကျမည်ဟုခန့်မှန်းထား ပါသည်။ လမ်းများဖောက်လုပ်ရန် ကုန်ကြမ်းများလိုအပ်ပြီး၊ စက်ယန္တ ရား (၄၃)စုံ၊ (စက်ပစ္စည်းမျိုးစုံ ၁၁၃၅)အပါအဝင် မြေထိုးစက်၊ ဆူးပါ သော လမ်းကြိတ်စက်၊ ရေသယ်ယာဉ်၊ မြေသယ်ယာဉ်)နှင့် လမ်းများ ဖောက်လုပ်ရန် နိုင်လွန်ကတ္တရာ (၄၂၃၈၇.၄၃) တန် လိုအပ်ပါသည်။ အသေးစိတ်ကို **နောက်ဆက်တွဲ(က)** ဖြင့် ဖော်ပြပါသည်။

၃၆။ ရေရရှိရေးစီမံကိန်း၏ ရည်ရွယ်ချက်မှာ ရေရှားပါးသော ကျေးရွာများသို့ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသရေရရှိရေးကို စနစ်တကျ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း ရာသီဥတုပြောင်းလဲမှုနှင့် လူဦးရေတိုးပွားမှုကြောင့် ရေလိုအပ်ချက်သည် အမြဲတိုးလာနေပါသည်။ အချို့သောကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိစေရန်နှင့် ရေအရင်းအမြစ်များရရှိစေရန် လုံလောက်သော ကြိုးစားအားထုတ်မှုများ လိုအပ်နေပါသည်။ ယင်းအခြေအနေများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄)ခုတွင် ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်အထိ (၂၉၆၇)နေရာအတွက် ရေရရှိရေး(၄)နှစ် စီမံကိန်းကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ယခုစီမံကိန်းကိုကျပ် သန်းပေါင်း ၄၇၇၅၀ (အမေရိကန်ဒေါ်လာ ၆၀ သန်း) ကုန်ကျမည် ဟုခန့်မှန်းထားပါသည်။ စက်ပစ္စည်းလိုအပ်ချက်နှင့်ပတ်သက်၍ လုပ်ငန်းများ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် မြေကော်စက်နှင့်



မြေထိုးစက်၊ တွင်းတူးစက်များအပါအဝင် စက်ပစ္စည်း(၁၄)စုံ လိုအပ်ပါသည်။ အသေးစိတ်အချက်အလက်များကို **နောက်ဆက်တွဲ(ခ)** တွင် ဖော်ပြထားပါသည်။

၃၇။ ကျေးလက်ဒေသများတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသေးစားချေးငွေအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ (၁၅) သန်းကို လက်လုပ်လက်စားများနှင့် ဆင်းရဲနွမ်းပါးသူများအား ထုတ်ပေးမည်ဖြစ်ပါသည်။ ထို့အပြင် ကျေးလက်ဒေသ အသက်မွေးဝမ်းကြောင်းအထောက်အကူပြုအစီအစဉ်များကို ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးဖြင့် ကျေးလက်ဒေသများရှိ အသေးစားလုပ်ငန်းများအတွက် ကူညီရန် ရည်ရွယ်ပါသည်။ အသက်မွေးဝမ်းကြောင်းအထောက်အကူပြု အစီအစဉ်ကို မြို့နယ် (၃၁) မြို့နယ်ရှိ ကျေးရွာပေါင်း (၆၀) တွင် မတည်ငွေ အမေရိကန်ဒေါ်လာ(၉)သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။ အသေးစိတ် စီမံကိန်းအချက်အလက်များကို **နောက်ဆက်တွဲ(ဂ)** တွင် ဖော်ပြထားပါသည်။

၃၈။ သို့သော်လည်း အထက်ဖော်ပြပါဖွံ့ဖြိုးတိုးတက်မှု (၄)နှစ်စီမံကိန်းများအားစီမံကိန်းရေးဆွဲထားသည့် အဆင့်သာဖြစ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ရန်ပုံငွေမရရှိသေးပါ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ယင်းစီမံကိန်းများအတွက် ပြည်တွင်းပြည်ပအထောက်အပံ့များ ရရှိအောင် ဆောင်ရွက်နေပါ သည်။

**နိဂုံး**

၃၉။ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲချို့တဲ့မှုတိုက်ဖျက်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်နေပြီး ဦးစီးဌာနမှလည်းလုပ်ငန်းများကို စိတ်ပါဝင်စားစွာဖြင့် အလေးထား ဆောင်ရွက် နေပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနသည် နိုင်ငံတော်ရှိ ပြည်သူများအတွက် အကူအညီအထောက် အပံ့များပေးနိုင်ရန် ကိုယ်စွမ်းရှိသရွေ့ လေးလေးနက်နက် လုပ်ကိုင် ဆောင်ရွက်ပြီး ကျေးလက်ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပမာဏများပြားသည့် ရင်းနှီးမြှုပ်နှံမှုများဖြင့် ကြိုးပမ်းဆောင်ရွက် နေပါသည်။ ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သည် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ယုံကြည်စွာလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သည် မိမိတို့၏ ရည်မှန်းချက်ဖြစ်သည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွါးဘဝ တိုးတက်ကောင်းမွန်စေရန်အတွက် အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် အောင်မြင် အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။